
စိုးမိုးစာပေ

# ပျူး

တစ်မိုးအောက်မှာ နှင်းတွေကိုမျှားရင်း
အိပ်မောကျခဲ့ကြတယ်



Digital Art : Idea Kyaw & Mg Kyaw Oo

ဒုတိယအကြိမ်

# အခန်း(၁)

"နာမည်က ဘယ်သူတဲ့ လဲ ဖေဖေ"

"ဟောဒီမှာ သမီးရယ်၊ စာအဆုံးမှာ လိပ်စာပါတယ်၊ သမီး စာကိုလည်း ဖတ်ကြည့် ၊ လာမယ့် သူရဲ့ ပုံစံနဲ့ မှတ်မိလောက်စရာ တစ်ခုခုပါလိမ့်မယ်၊ နာမည်ကတော့ အောင်စည်ဆိုလား၊ အောင်ညီဆိုလား. . . . ."

မျက်မှန်တပ်ပြီးမှ စာဖတ်ချင်စိတ်မရှိသလို ဦးသူအောင်က သမုကို လှမ်းပေးသည် ။

သမုက စာကိုလှမ်းယူပြီး မျက်နှာမသာမယာရှိကာ. . .

"အိမ်မှာ ကျပ်တည်းပါတယ်ဆိုမှ ဧည့်သည် ကလာဦးမယ်၊ လာမယ့် ဧည့်သည် ကလည်း ယောကျ်ားလေးတဲ့ "

"ဪ. . .ဆွေမျိုးမကင်းကြတဲ့ သူတွေဆိုတော့ ခေါင်းရှောင်လို့ မရတာ သမီးရယ်၊ ဒါနဲ့ မနက်ဖြန် ဖေ့ဖေ့ပင်စင် ထုတ်ရမှာ မဟုတ်လား၊ လစာထုတ်ပြီးတော့ အိမ်မှာ လိုအပ်တာလေး ဝယ်ခြမ်းဖြည့်ထား သမီး၊ ဧည်သည် သောင်သည် လာတုန်း အိမ်မှာ မချို့တဲ့ စေနဲ့ "

"နေပါဦး ဖေဖေ၊ ဆွေမျိုးမကင်းထဲကဆိုရင် မေမေဆုံးသွားပြီး ဖေဖေ ကိုယ်တစ်ခြမ်းလေဖျန်းလို့ မလုပ်နိုင် မကိုင်နိုင်တော့တာ၊ သမုတစ်ယောက်တည်း ဦးဆောင်နေရတာ၊ အဲဒါတွေကိုကျတော့ မသိတော့ဘူးလား၊ ရန်ကုန်မှာ အလုပ်လုပ်ဖို့ လာမှာ ဆိုပြီးတော့ ဒီမှာ

ဘယ်လောက်ကြာအောင် တည်းနေမှာ လဲ”

သမု နှုတ်ခမ်းကိုမဲ့ရွဲ့ကာ စာကိုလည်း မဖတ်ဘဲ ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည် ။

“လူတစ်ယောက်ရဲ့ နေစရိတ်၊ စားစရိတ်က နည်းသလား၊ ဆွေမျိုးဆိုတာတွေကလည်း သူတို့ ပြေလည်တော့ သတိတောင်ရကြတာ မဟုတ်ဘူး ၊ ဒုက္ခရောက်ပြီဆိုတော့မှ ရန်ကုန်မှာ ငါ့တူရှိတယ်၊ ငါ့မောင်ရှိတယ်၊ ငါ့အစ်ကိုဆီသွား ဘာညာနဲ့ ဆွေမျိုးတွေ စပ်လာကြတာ”

“သမီးရယ်. . . ”

“ဖေဖေစဉ်းစားကြည့်လေ၊ ခု. . .ဒီစာထဲက ဒေါ်ရွှေမြင့်သူကို သမု နာမည်ပဲ ကြားဖူးသေးတယ်၊ ဒီအရွယ်ထိ တစ်ခါမှ ကို မမြင်ဖူးခဲ့ပါဘူး၊ ခုကျမှ အံ့ဩစရာပဲ၊ သူတို့ မွဲနေသလို ဒီမှာ လည်း ပြာကျနေပြီဆိုတာ နည်းနည်းလေးမှ မတွေးမိဘူးလား မသိဘူး ”

“သူတို့ က မမွဲပါဘူးသမီးရယ်၊ အနေစိမ်းကြတာက ဟိုတုန်းကတည်းကပါ အဝင်အထွက်မရှိကြတာက သမီးမေမေနဲ့ ဖေဖေ့ဘက်က တစ်မျိုးလုံးက သိပ်မတည့်ကြဘူး၊ သမီးမေမေက မာနကြီးတယ်၊ အပြောဆိုး တယ်၊ ဖေဖေ့တစ်ယောက်ကိုသာ ချစ်လွန်းလို့ ကြည်ဖြူခဲ့တာ၊ ဆင်းရဲတာကို အင်မတန် အထင်အမြင်သေး တဲ့ မိန်းမကွဲ့ ၊ အေးလေ သူက ဆင်းမှ မဆင်းရဲဘူးတာ၊ ဖေဖေတို့ အသိုင်းအဝိုင်းက မဆင်းရဲပါဘူး၊ ဒါပေမဲ့ သမီး မေမေရဲ့ အခြေအနေက သိပ်မြင့်တော့ သူ့အမြင်မှာ တော့ လူဆင်းရဲတွေပေါ့”

သမုက သေချာနားထောင်နေသည် ။ ဦးသူအောင်က မျက်မှန်ကို ပြန်ချွတ်ပြီး အိတ်ထဲ သေချာထည့် သိမ်းနေသည် ။

“ဖေဖေ့ဘက်က ပညာတတ်တွေများ ပြီး ချမ်းသာလှတာ သိပ်မှ ရှိပါဘူး၊ ဒါပေမဲ့ မာနကြီးတာပဲ၊ ပညာမာနသမားတွေနဲ့ ဥစ္စာမာနတွေ ပြိုင်ကြရာမှာ မသင့်မြတ်တာတွေ ဖြစ်ကုန်တာပေါ့၊ အဲဒီကတည်းက ဖေဖေလည်း သမီးမေမေ သဘောကျနေခဲ့ပြီး ဘယ်ဆွေမျိုးနဲ့ မှ အဆက်အသွယ်မရှိတော့ဘဲ ပြတ်တောက် နေကြတာ”

“ဘိုးဘိုးတွေ ဘွားဘွားတွေမှာ . . .”

“ဖေဖေ့မှာ အမေတစ်ယောက်ပဲ ရှိတော့တာလေ၊ ဖေဖေ အိမ်ထောင်ကျပြီး သုံးနှစ်လောက်ကြာတော့ အမေဆုံးသွားတယ်၊ မဆုံးခင် ဖေဖေအားပါးတရ ပြုစုလိုက်ရပါတယ်၊ ဖေ့ဖေ့လက်ပေါ်မှာ ပဲ ဆုံးသွားတာပါ၊ သမီးမေမေက ဒါတော့ကောင်းတယ်၊ အမေကို ဂရုစိုက်တယ်၊ လိုက်လျောတယ်၊ ဖေဖေနဲ့ စိတ်အခန့်မသင့်လို့ စကားများ ရန်ဖြစ်ရင်တောင် ယောက္ခမကို အရိုသေ အပြောအဆို မပျက်ခဲ့ဘူး။ သူတို့ တွေလည်း အခု မရှိတော့ ဘူးဆိုတော့ ဝင်ထွက်ချင်ကြလို့ နေမှာ ပေါ့”

“ဒေါ်ရွှေမြင့်က ဖေဖေနဲ့ ဘယ်လိုတော်တာလဲ”

“မောင်နှမ နှစ်ဝမ်းကွဲလောက်ပဲ ထင်တယ်၊ မသိတော့ပါဘူးကွယ်၊ သူ့သားသမီးတွေတောင် ဖြူ သလား၊ မည်းသလား မမြင်ဘူးခဲ့တဲ့ ဟာ”

“သမုကတော့ အဆင်မပြေတဲ့ အချိန်မှာ ဘယ်သူမှ မလာကြပါနဲ့ လို့ကို လှမ်းပြောလိုက်ချင်တာ၊ ဖေဖေ စိတ်ဆင်းရဲမှာ စိုးလို့ သိလား”

ဦးသူအောင်က နားလည်သလို ခေါင်းတညိတ်ညိတ် လုပ်နေပြီး မျက်နှာလည်း မသာမယာ ရှိနေသည် ။ ခုချိန်မှာ သူ့ပင်စင်လစာလေး တစ်သောင်းခွဲနှင့် ရောဂါကို ကုနေရတာ ဆေးဖိုးနှစ်ရက်စာပင် မရှိပါ။

စီးပွားရေးက ဒီရေကျတာထက် ပို၍ မြန်ဆန်စွာ ထိုးကျသွားလိုက်

တာ ခုဆို ကံဆိုးရှာသည့် သမီးလေး ခမျာ နေ့ဘက် အလုပ်လုပ်ရ၊ ညဘက် အငှားကားမောင်းရ။

"ဖေဖေသိပါတယ် သမီးရယ်၊ တစ်အိမ်လုံးရဲ့ စားရေးဝတ်ရေးကို တစ်ယောက်တည်း ဦးဆောင် နေရရှာတဲ့ သမီးအတွက် လူတစ်ယောက်စရိတ် ပိုလာတာ တကယ့်ဝန်ထုပ်ဝန်ပိုးကြီးပေါ့၊ ဒါပေမဲ့. . .. "

"အို...မဟုတ်ပါဘူး၊ သမုက ညည်းတာ မဟုတ်ဘူး ၊ ဆွေမျိုးဆိုပေမယ့် သူက ယောက်ျားလေး မဟုတ်လား၊ သမု အနေရကျပ်တာပေါ့၊ ပြီးတော့ မေမေနဲ့ မတည့်ခဲ့ကြတဲ့ အသိုင်းအဝိုင်းတွေဆိုတော့ ဖေဖေ့ မျက်နှာကြောင့်သာ လက်ခံရမှာ ရင်ထဲက အစာမကြေချင်ဘူး"

"စိတ်မညစ်ပါနဲ့ သမီးရယ်၊ ပြီးခဲ့တာတွေကိုလည်း အခုအခံထားမနေပါနဲ့ တော့ ဒီသူငယ်ရောက်လာ ရင် ဖေဖေတို့ အကူအညီ ရနိုင်ပါတယ်၊ သမီး ခုလို ညညအငှားကားထွက်မောင်းနေတာကို ဖေဖေဘယ်လိုမှ ဘဝင်မကျနိုင်ဘူး။ ကိုယ်လည်း မရှာနိုင် တားလို့ လည်း မရလို့ သာ ကြည့်နေရတာ"

ဒီဘက်ကကိစ္စတွေ ပါလာတော့မှာ မို့ သမု ရေထသောက်သလိုလို မှန်ထကြည့်သလိုလိုနှင့် ဆိုဖာပေါ် ကထသည် ။ ရေခဲသေတ္တာကိုဖွင့်ပြီး ဘေးကမှန်ကို မကြည့်ချင်ဘဲ ဟန်နဲ့ ပန်နဲ့ ကြည့်ကာ. . .

"ဆံပင်ကလည်း မရှည်စေချင်ကာမှ ရှည်လာလိုက်တာ လွန်ရော"

ဆံပင်တစ်ချက် သပ်တင်ပြီး မှန်ထဲကနေ ဖေဖေ့ကို ခိုးကြည့်မိသည် ။ ပင့်သက်ရှိုက် ခေါင်းခါနေသော ဖေဖေက စကားဆက်ဖို့ များ စကားလုံးရွေးနေသေးသလား မသိ။ ထင်လိုက်တာပင် နောက်ကျနေပါသည် ။

"ဒီလိုပဲ သမီး၊ မလိုတာဖြစ်လာတတ်တယ်၊ တမ်းတရင် မရဘူး။ ဒါ..

.သဘာဝပဲ၊ အခု သမီး ညဘက် ဒီဆံပင်တွေကို ဖိညှပ်သပ်တင်ပြီး ယောကျ်ားလေးလိုဝတ်တာ ကားထွက်မောင်းတာ လူမသိသေးဘူး ဆိုတာ ဟုတ်နေတာပဲ၊ ညကြီးမှာ တကယ်လို့ သာ ယောကျ်ားတစ်ယောက်ယောက် 'ဒါကို သိသွားရင် သမီး ဘယ်လောက်အန္တရာယ် များ သလဲ"

"အန္တရာယ်များ လည်း သမုမှာ ဓားဆောင်ထားတာပဲ ဖေဖေ၊ ဖြစ်လာရင် သူသေကိုယ်သေပဲ၊ ရင်ဆိုင် ရမှာ သမု မကြောက်ပါဘူး၊ ခုခေတ်မှာ နေ့ရောညရော စီးပွားရှာမှ လူတန်းစေ့မှာ သူများတွေလိုလည်း ကား စပေါ်တင်ပြီး ငှားရတာ မဟုတ်ဘူး ၊ သမုတို့ မှာ ကားတစ်စီးတော့ ချမ်းသာနေသေးတာ၊ ဒီကားကို ဖိမ်ခံပြီး စီးမနေနိုင်မယ့်အတူတူ ကိုယ့်ကားနဲ့ ကိုယ် ပိုက်ဆံရှာတာ ဘယ်သူ့မှ ကြောက်နေဖို့ မလိုပါဘူး ဖေဖေ"

အရှိန်နှင့်မို့ ဖေဖေပေးသည့် စာကို ချိုင်းကြားခဏညှပ်ကာ ရေခဲသေတ္တာထဲက ရေတစ်ခွက် ယူသောက် လိုက်သည် ။ ညမိုးချုပ်တိုင်း ကားသွင်းလာတိုင်း၊ ကားထုတ်တိုင်း ဖေဖေ ဒီစကားကိုပဲ အမြဲပြောသည် ။

"သမီး ကုမ္ပဏီကရတဲ့ လစာနဲ့ ပဲ ဖေဖေတို့ လောက်အောင် စားကြတာပေါ့ သမီးရယ်၊ ညဘက် ကား ထွက်မမောင်းပါနဲ့ ၊ ဖေဖေ ဘယ်လိုမှ စိတ်မချနိုင်လို့ ပါ"

ဆိုတာက တစ်မျိုး။

"ဖေဖေ အိမ်မှာ ထိုင်လုပ်လို့ ရတဲ့ အလုပ်တစ်ခုရှာပေး၊ လုပ်မယ်၊ လမ်းထိပ်မှာ အထည်ဖြတ်စတွေ အမွေးညှပ်တဲ့ အလုပ် ရှိတယ်လို့ ကြားတယ်၊ ဖေဖေ့ကို ယူပေးစမ်းပါ"

ဟု လည်း နားပူတတ်သေးသည် ။

ဖေဖေ့ကို သမု ခိုင်းရက်ပ့ါမလား၊ ဖေဖေဟာ မေမေဆုံးသွားခါစက ဆို အိမ်ရဲ့ စီးပွားရေး ကျဆင်းနေမှု ကို ဟိုတုန်းကထက် ပိုဂရုစိုက်ခဲ့တဲ့ ဖခင်ကောင်းတစ်ယောက်၊ နေ့ဘက် ရုံးမှာ အလုပ်ဆင်းကာ ညနေဘက်မှာ ခုလိုပဲ အငှားကားမောင်းသည် ။

"ဆယ်တန်းစာမေးပွဲက အရေးကြီးတယ် သမီး၊ ဒါ ဘဝရဲ့ အကြီးမားဆုံးလှေကားထစ် နောက်ဆုံး ပန်းဝင်မယ့်ပွဲပဲ၊ စာကို ကြိုးစားစမ်း၊ ဖေဖေ သမီးကို အမွေပေးစရာ ဒါပဲရှိတော့တယ်"

ဟု ဆိုကာ သမုကို စာညဥ့်နက်အောင် ကြည့်ခိုင်းသည် ။ ညဘက် မုန့်ပဲသရေစာကစ မိခင်တစ်ယောက် သဖွယ် ဂရုစိုက်လုပ်ကိုင်ပေး၏။ မနက်စောစော သမုအတွက်ပါ ထမင်းချိုင့် ပြင်ဆင်ထည့်ပေးပြီးမှ ဖေဖေ အ လုပ်သွားသည် ။ အလုပ်ကအပြန် သမုကို ကျောင်းမှာ ဝင်ကြိုပြီး ကျူရှင်ကိုပို့။ အိမ်ပြန်လာတော့ အဝတ်တွေ လျှော် ၊ ကျူရှင်ပြန်လာကြိုပြီးမှ သားအဖ ခဏတစ်ဖြုတ် မျက်နှာချင်းဆိုင်ကြရပြီး ကားမောင်းထွက်။

"သမီးအဝတ်တွေ လျှော်မထားပါနဲ့ ဖေဖေရယ်၊ သမု ငရဲကြီးမှာ ပေ့ါ
"

"မကြီးဘူး သမီး၊ သမီးက ခိုင်းတာမှ မဟုတ်ဘဲ ၊ သမီးက ကျောင်းမှာ စာတော်တယ်၊ သမီးစာကျက် စားကြိုးစားနေတာမြင်ရင် ဖေဖေစိတ်ချမ်းသာတယ်၊ အားတက်တယ် ပြေးကြည့်မှ သားအဖနှစ်ယောက်ပဲရှိတာ သမီးရယ်၊ သူ့အလုပ်ကိုယ့်အလုပ် ခွဲခြားလို့ ဖြစ်မလား၊ ပြီးတော့ သမီးကို အားငယ်မှာ စိုးတယ်၊ ခုချိန်မှာ မေမေသာရှိနေရင် ငါ့ကို ဘယ်လိုဂရုစိုက်မှာ လို့ တမ်းတအားငယ်မှုမျိုး မဖြစ်စေချင်ဘူး၊ သမီးမေမေရဲ့ အကြင်နာလို ပြည့်ဝစွာ နွေးထွေးနိုင်မှာ မဟုတ်ပေမယ့် သမီးအားမငယ်ရအောင် ဖေဖေ အတတ်နိုင်ဆုံး ကြိုးစားချင်တယ်"

သမုကို အင်္ကျီကအစ လျှော်ဖွတ်ပေးခဲ့ရှာတဲ့ ဖေဖေ။ ဖေဖေ့စိတ်ထဲမှာ သမု ခုလို လုပ်ကိုင်ရှာဖွေနေတာ ကို ဘယ်လောက်ထိ မနှစ်မြို့မလဲ။ သမုရှာဖွေကျွေးတာကို ဘယ်လို ကြေကွဲစွာ ကြိတ်မှိတ်မျို ချနေရသလဲ။ သမု မသိဘဲနေပါ့မလား၊ ဖေဖေ အရမ်း အလုပ်လုပ်ချင် နေမှာ ပါ။

“ဖေဖေ စိတ်ချမ်းချမ်းသာသာနေပါ ဖေဖေရယ်၊ သမုလည်း ဖေဖေပြောခဲ့ဖူးသလိုပဲ ဖေဖေ့မျက်နှာ ကြည်လင်လန်းဆန်းနေတာ မြင် ရရင် အမောပြေတာပဲ၊ မိဘကို ဘယ်လူယုတ်မာကမှ ဖျက်ဆီးလို့ မရဘူ ၊ အဲဒါ သမုယုံတယ်၊ ဖေဖေလည်း ယုံလိုက်စမ်းပါ ဖေဖေရယ်”

သမုက ဖေဖေ့နားမှာ ထိုင်ကာ လက်မောင်းတွေကိုပါ ပွေ့ဖက်ပစ်လို က်ပြီး မြတ်နိုးခြင်းများ နှင့် ပြော တော့ ဖေဖေ့အပြုံးများက နှင်းခွဲသော နေခြည်တစ်စနယ် နွေးပေမယ့်လည်း အေးမြနေဆဲပါ။

*

# အခန်း(၂)

တောင်ကြီးကားဂိတ်ထဲကို လှည့်ပတ်ကြည့်တော့ ကားကြီးကိုသာ တွေ့ကာ ခရီးသည် တစ်ယောက်မှ မရှိတော့ဘဲ ဒရိုင်ဘာနဲ့ စပယ်ရာ ကားနောက်က စက်ဖုံးကို ဖွင့်၍ ကုန်းကုန်းကွကွ နှိုက်ချွတ်နေကြတာပဲ ရှိသည် ။

"ဒီ. . .ဒီမှာ . . .အဲ့. . .ရှင့်. . ."

ယောကျ်ားလေးလို မမှားမယွင်းပြောနိုင်ဖို့ သာ အားကြိုးမာန်တက် လေ့ကျင့်ထားခဲ့သဖြင့် တစ်ခါတစ် ခါ ဒီပါးစပ်က စလစ်ဖြစ်တတ်သေးသည် ။

ခေါ်လိုက်တော့ ဒရိုင်ဘာက လှည့်ကြည့်၏

"ဒါ . . .တောင်ကြီးကလာတဲ့ ကား ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေ၊ ကြာလှပြီဆိုက်နေတာ၊ ခရီးသည် လာကြိုတာ လား၊ ဘယ်သူမှ မရှိကြတော့ဘူး လား"

ဒရိုင်ဘာက ပြုံးစိစိနှင့် ဖြေ၍ သမုကို ခြေဆုံးခေါင်းဆုံး ကြည့်သည် ။

သမု ချက်ချင်းလှည့်ထွက်လာခဲ့ကာ စာဖတ်ထားသည့် အချက်အလက်တွေကို တစ်ခုချင်း ပြန်တွက် ကြည့်နေမိသည် ။

ဂျင်းဘောင်းဘီနဲ့ စပို့ရှပ်အနီ ဂျာကင်အနက် ကျောပိုးအိတ်တစ်လုံး

ပါမယ်၊ နာမည်က အောင်စည် ထွန်း။

ပါးစပ်က ရေရွတ်လိုက်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ ရှာနေမိသည် ။ ငါ. . .နောက်ကျသွားပြီ၊ ဖေဖေကတော့ တမင်လုပ်တယ် ထင်တော့မှာ ပဲ။ ဖေဖေ စိတ်ဆင်းရဲတော့မည်ကို တွေးမိတော့ ခေါင်းတွေ ထူပူသွား၏။

ထိုစဉ် မျက်လုံးက စတိုးဆိုင်တစ်ခုဆီသို့ အရောက်. . .

"ဟော . . .ဟိုမှာ "

ဘောင်းဘီ ဂျာကင် စပို့ရှပ်အနီနှင့် ပခုံးတစ်ဖက်မှာ ကျောပိုးအိတ် လေးချိတ်လို့ အရပ်ကတော့ ယောကျ်ားတကာ အရပ်အမောင်း ကောင်း ပါသည် ဆိုတာတွေထက်ပင် ကျော်ချင်နေသော မြင့်လိုက်တာကြီးက အ မေရိကန် ရုပ်ရှင်မင်းသားတွေက ဆရာခေါ်သွားနိုင်လောက်သည် ။

ဟုတ်ပါပြီ. . .သူပဲနေမှာ ။ အရပ်မြင့်တာ နိမ့်တာ စာထဲမှာ တော့ မပါဘူး။ ဒါပေမဲ့ အသားဖြူဖြူ ၊ ဆံပင်ကုပ်ထောက်နဲ့ ဆိုတာလည်း အ တူတူပဲ။

သမု ဖေဖေ့မျက်နှာ တစ်ခုကိုပဲ သတိရကာ ထိုသူ့ဆီကိုပဲ လျှောက်သွားလိုက်မိကာ ဘာမှ သံသယစိတ် မရှိခဲ့တဲ့ အဖြစ်။

"ဒီမှာ "

ခေါင်းငုံ့၍ ဆိုင်ထဲက ထွက်လာသည့် သူက ဖျတ်ခနဲ မော့ကြည့်၏။

"ရှင်က တောင်ကြီးအိမ်က အောင်စည်ထွန်းဆိုတာလား"

"ဟင် "

"ဘာဟင်တာလဲ၊ သမုက ဦးအောင်သူရဲ့ သမီး သမုဒ္ဒရာ၊

ရှင့်ကိုလာကြိုတာ”

“ကိုယ့်ကို”

သူ့ကိုယ်သူ မေးဆတ်၍ အူကြောင်ကြောင် မေးပုံကြောင့် သမုဒေါသ ထွက်သွားသည် ။ အသားဖြူဖြူ ဆံပင်ကုပ်ထောက် ဘောင်းဘီ အင်္ကျီအ ရောင် ကျောပိုးအိတ် အားလုံး ဒီလောက် တစ်ထပ်တည်းတူနေတာ သူ က အောင်စည်ထွန်းဆိုတာကို သမု မြင်တာနှင့် တပ်အပ်သိသည် ။

သူက ဘာအူကြောင်ကြောင် လုပ်နေတာလဲ။

“ဒီမှာ ရှင်က ဒေါ်ရွှေမြင့်သူရဲ့ သားကြီး အောင်စည်ထွန်း ဟုတ်သ လား၊ မဟုတ်ဘူး လား၊ ဒါပဲ. . ..ပြော”

“ဟင်. . .အင်း. . . ဟုတ်တယ်၊ မင်းက သမုဒ္ဒရာ”

“ဟုတ်တယ်၊ ဘာလဲ ရှင့်လို တောလိုက်မုဆိုးရုပ်ကြီးနဲ့ ကျားကိုးစီး စားမကုန်တဲ့ ပုံကိုများ ဒီက ညာခေါ်နေတယ် ထင်လို့ လား”

“မထင်ပါဘူး”

“မထင်ရင် လိုက်ခဲ့”

သမု ကားရှိရာ လှည့်ထွက်လာခဲ့သည် ။ သူ နောက်ကကပ်ပါလာ၏။ ကားပေါ်ထိုင်မိကြတော့ သမု မရည်ရွယ်ပါဘဲ မျက်နှာလည်း တင်းလာ သည် ။ နှုတ်ခမ်းကိုလည်း သိသာစွာ စူထော်ထားမိ၏။

အောင်စည်ထွန်းက မှန်ထဲကနေ သူမကိုပဲ ကြည့်နေတာ မျက်လုံးကျွတ်ကျတော့မတတ်။ ဆွေမျိုး မကင်းကြဘူးဆိုတာ သင်း မသိ လေရော့သလား။ ရိုင်းလိုက်တဲ့ မျက်လုံး။

ဒီနေ့ ဘွဲ့ယူရတော့မယ့် ကာလပတ်လုံးထိ ချစ်ရေးချစ်ရာ ကိစ္စများ

ကို သမု စိတ်မဝင်စားခဲ့သလို ကိုယ့်အခြေအနေနဲ့ ကိုယ် ယောကျ်ားလုပ်ရ မိန်းမဖြစ်ရနှင့်မို့ ဘယ်ယောကျ်ား စေ့စေ့ကြည့်တာကိုမှ မကြိုက် တတ်သော ဥဉ်က အောင်စည်ထွန်းမျက်လုံးတွေကို ဝက်အူလှည့်နှင့် ထိုးဖောက်ပစ်ချင်နေသည် ။

"ကျွိ"

"ဟ"

ဒေါသနှင့် တအားကုန်မောင်းနေပြီးမှ မီးပွိုင့်မလွတ်တော့ ဘရိတ်ကို ဆောင့်နင်းပစ်လိုက်သဖြင့် အောင်စည်ထွန်း၏ နဖူး ရှေ့မှန်ဆီသို့ ပြေးဆောင့်တော့မလို့ လက်နှစ်လုံးလောက်အလို။

"ဘယ့်နှယ် မိန်းကလေးဖြစ်ပြီး ကားမောင်းတာ ကြမ်းလှချေလား"

"ဒီမှာ လည်း နာသွားတာပဲ"

ကားကို သတ်မှတ်မျဉ်းထဲ ပြန်ဝင်အောင် နောက်ဆုတ်ရင်း ပခုံးအောက်နားထိ ဝဲကျနေသည့် ဆံပင်တွေကို ဆောင့်ဆောင့် သိမ်းလှန်ပစ်လိုက်သည် ။

အဲဒါ သူ့ကြောင့် သေလိုက်ပေ့ါ။

ပါးစပ်က စကားမပြောဖြစ်ပေမယ့် သမု နှုတ်ခမ်းလေးတွေ အိုးထဲက ဘောင်ဘင်ခတ်သွားသည့် ရေတွေလို ဟိုဘက်တွန့် ဒီဘက်ရွဲ့နှင့် အင့်ခနဲ ကြိတ်ညည်းကာ မဲ့ကျသွားသောကြောင့် အောင်စည်ထွန်း ကျိတ်ပြုံးလိုက်မိ၏။

သူ့ကို ဘယ်လောက်ထိ မေတ္တာတွေ ပို့နေပြီလဲ မသိ. . .။

တော်တော်လှတဲ့ ကောင်မလေး. . .။

*

# အခန်း(၃)

"ဟိတ်"

"အင်. . ."

ပခုံးကို ခပ်ဆတ်ဆတ် ပုတ်လိုက်သဖြင့် ခေါင်းထောင်လိုက်ရပေမယ့် မျက်လုံးတွေက ကျိန်းစပ်နေဆဲ။

"အိပ်မနေနဲ့ ၊ မမလှိုင်း လာပြီ၊ တော်ကြာဆူနေဦးမယ်. . .ထ "

"ဟင်. . ..အင်း. . .အင်း"

သမု အိပ်မှုန်စုံမွှား မျက်လုံးတွေ ချက်ချင်းကျယ်သွားကာ ကပိုကရို ကောက်ထပ်ထားသည့် ထမင်း ချိုင့်ကို အကျအန ပြန်စီသည် ။ ရှေ့တည့်တည့်က မမလှိုင်း လျှောက်လာနေသည် ကို စိတ်က သိပေမယ့် မော့မကြည့်ဖြစ်အောင် ချိုင့်ကို အပိုလုပ်၍ ဂရုတစိုက် တပ်နေလိုက်၏။

"သမုဒ္ဒရာ"

"ရှင်"

မမလှိုင်းက သူ့ရှေ့မှာ ပဲ လက်ပိုက် မတ်မတ်ရပ်လိုက်ကာ. .

"မင်း. . . အိပ်ငိုက်နေတာ မဟုတ်လား"

"ရှင်. . .ဟုတ်. . .ဟို မငိုက်ပါဘူး၊ ခေါင်းနည်းနည်း အုံနေတာနဲ့ လှဲနေတာပါ"

“နေမကောင်းရင် ခွင့်တင်ပြီး ပြန်ပါ၊ အလုပ်ထဲမှာ ငေးတာငိုက်တာ တို့ မကြိုက်ဘူး”

“ဟုတ်ကဲ့”

“ပြီးရင် အထဲမှာ လက်မှတ်ထိုးပြီးသား စာရင်းတွေ လာခဲ့”

ဆံပင်ရှည်တွေ ဝဲခါသွားသည် မို့ မွှေးပျံ့သော ရနံ့က လွင့်ကျန်ခဲ့၏။

မြင့်သောအရပ် ဖွံ့ထွားသော တင်သားများ နှင့် ဆံပင်ရှည်တွေကို နွဲ့ခါသွားအောင် လျှောက်ထွက် သွားပုံက စည်းချက်မှန်ကာ ကဗျာဆန်သည် ။

ဝတ်ထားသည် က ကြေးနီရောင် အပြောင်သားဝတ်စုံနှင့်မို့ အသား ဆိုင်လေးတွေ လှုပ်ခါသွားသည် က တကယ် အသည်းယား စရာကောင်း၏။

“ပုံစံကတော့ တကယ်မိတယ်၊ လှတာလည်း လှပါတယ်၊ ဒါပေမဲ့. . . ”

မေကျော်က မဲ့ရွဲ့ပြီး ထပ်မပြောသဖြင့် သမု မော့ကြည့်လိုက်၏။

“ဒါပေမဲ့ ဘာဖြစ်တာလဲဟင်”

“ထုံးစံအတိုင်းပေါ့ဟာ၊ အတွင်းရေးမှူးက သူဌေးကိုမှန်းတာ မလွန်ပါဘူး”

“ဘယ်လို. . .သူဌေး ဦးမိုးဉာဏ်ကို မမလှိုင်းက. . .”

“ဘယ်ကလာဟယ်”

မေကျော်က ခုံဆွဲ၍ သမုနင့် ကပ်၍ ထိုင်ကာ အသံကို မိုင်ကုန်နှိမ့်ချပြီး. . .

"ဦးမိုးညဏ်က သူဌေး မဟုတ်ဘူး ဟ၊ သူဌေးကိုယ်စားလှယ်၊ နင်က ဒီကိုနောက်မှ ရောက်တော့ ဘယ်သိမလဲ ၊ ငါတို့ သူဌေးက တကယ်မိတယ် အသက်က နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်လောက်ပဲ၊ လူပျို၊ တစ်ဦးတည်းသောသား၊ ဒါပေမဲ့ တအားချမ်းသာတော့ ဆွေမျိုးသားချင်းတွေနဲ့ အမွေကိစ္စ ရှုပ်လာတာတွေ ရှိတယ်"

"အဲဒါတွေက မမလှိုင်းနဲ့ ဘာဆိုင်လို့ လဲ"

"လာမယ်လေ"

မေကျော်က သမု အခွံနွှာနေသည့် ငှက်ပျောသီးတစ်ပိုင်းကို ထိပ်ကနေ ဖဲ့ယူလိုက်ပြီး ပါးစပ်ထဲထည့် လိုက်သည် ။ ပြီးမှ ဝါးရင်း စားရင်းနှင့် ...

"အစက မမလှိုင်းက ကွန်ပျူတာတောင် ဖြောင့်အောင် မရိုက်တတ်ဘူးဟ၊ ဒီနေရာကို လူကပ်နဲ့ ဝင်လိုက်တာ ၊ သူဌေးကလည်း ဒါကို လက်ခံနေသေးတယ်၊ နောက်တော့ ဘယ်လိုတွေ ဖြစ်လဲမသိပါဘူး၊ သူဌေးပျောက်သွားတာ နင်မလာခင်လေးကပဲ၊ မန်နေဂျာ ပြောပုံအရဆို မမလှိုင်းနဲ့ ပေးစားဖို့ သူဌေးကို စီစဉ်ကြတာတဲ့ ၊ သူဌေးက မလိုချင်လို့ ရှောင်သွားတာလို့ ပြောတာပဲ"

"လူကြီးတွေက စီစဉ်တာပေါ့"

"ဟုတ်မှာ ပေါ့၊ ဒါပေမဲ့ သူဌေးမှာ သွေးသားဆိုလို့ အဒေါ်အရင်းတစ်ယောက်ပဲ ရှိတော့တာတဲ့ ၊ ဒီ့ပြင် ဆွေမျိုးတွေတော့ အိမ်မှာ အများကြီးကပ်နေတာရှိတယ်တဲ့ ၊ မမလှိုင်းက အဲဒီအုပ်စုတွေထဲကလို့ ပြောတယ်"

"ဟင် . . .ဒါဆို ဆွေမျိုးတော်တယ်ပေါ့"

"မတော်တဲ့ ဘက်က ပတ်သက်တာဖြစ်မှာ ပေါ့၊ အဲဒါကြောင့် ငါပြော

တာ၊ မမလှိုင်းက သူဌေးကို စိတ်ကူးယဉ်ပြီး အလှတွေပြင်၊ လှလည်း လှပါတယ်၊ ဒါပေမဲ့ အခု ကျန်နေခဲ့ပြီလေ၊ သူ့ကိုယ်သူ မကျေနပ်ဒေါပွတိုင်း လက်အောက်ငယ်သားတွေကို ဖိဟောက်နေတာ”

“အဲဒီသူဌေးက ဒီကို လုံးဝ မလာတော့ဘူးလား”

“ လာတယ်၊ နင်နဲ့ မဆုံဖြစ်လို့ ပါ၊ ဒီတစ်ခါကြုံရင် ပြမယ်၊ ဟောလီးဝုဒ်က မင်းသားတွေ ငိုသွားတယ် ဆိုတာ နင်ယုံသွားလိမ့်မယ်၊ နာမည်လည်း မှတ်ထားဦး

“ဘာတဲ့ လဲ”

“မင်းရာဇ”

*

# အခန်း(၄)

"ရွှေတို့ နေကောင်းကြရဲ့ လား မောင်အောင်စည်"

"ဟုတ်ကဲ့. . .ကောင်းပါတယ် အန်ကယ်"

"မင်းက ရန်ကုန်မှာ အလုပ်လုပ်ဖို့ လာတာဆိုတော့ ဘာလုပ်ဖို့ များ စိတ်ကူးထားသလဲ၊ လက်မှုပညာ ဘာထားတတ်သေးလဲ၊ ကျောင်းပြီး အောင် ဆက်မနေခဲ့ဘူးလား"

"ဗျာ"

"ရွှေရေးထားတဲ့ စာအရတော့ တစ်ဆွေမျိုးလုံး ပညာကို မက်မောခဲ့ကြပြီး မင်းကျမှ ပညာရေးကို စိတ်မဝင်စားဘူးဆို၊ ရည်းစား တွေနဲ့ လျှောက်လည် အချိန်ဖြုန်းပဲတဲ့ "

"ဟာ. . .အဲဒါ. . .ဟို"

သူ့ပုံစံကိုကြည့်၍ သမုက ထမင်းကြော်စားရင်း သိသာစွာ နှုတ်ခမ်း မဲ့ပစ်၏။

ဟုတ်မှာ ပေါ့ ။ ရုပ်ကိုကြည့်ပါလား၊ အချိန်တိုင်း ရှိုးကအပြည့်၊

ယောကျ်ားတန်မဲ့ ဝတ်ခြံအဖုအပိမ့်မရှိဘဲ ချောမွေ့သန့်စင်နေသည့် မျက်နှာနုဖတ်ဖတ်က ကရင်မ် တစ်ခုခု လိမ်းထားတာ မဖြစ်နိုင်ဘူးလား ။

ခပ်သွယ်သွယ် မျက်ခုံးက ဆွဲတင်ထားသလို ထူနက်နေသည် ။ ရယ်လိုက်တိုင်း ပါးချိုင့်လိုလို ရှည်မျော မျောလေး ခွက်ဝင်သွားတတ်သည့် မျက်နှာနှင့် တကယ်လိုက်ဖက်သည် ။

မိန်းကလေး အတော်များများ သဘောကျ စွဲလမ်းနိုင်လောက်တဲ့ ရုပ်မျိုးပါပဲ၊ သမုကတော့ အထင်မြင် သေးစွာ ကြည့်ဖြစ်လေသည် ။

တမင်တကာ မိအောင် ချောအောင် စုဆောင်းဖန်တီးနေတာများ . . . ။

“ပညာဆိုတာ ဘဝအတွက် အလုံခြုံဆုံး အိမ်ရာကောင်းတစ်ခုပဲကွ၊ အရိပ်ထင် အကာမြင်နေရတဲ့ ဟောဒီခေါင်မိုးတွေက အခြေအနေ ဥတု အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးနိုင်တယ်၊ ပညာဆိုတဲ့ အိမ်ရာဟာ ဘယ်တော့မှ မပျက်စီးဘူး၊ မင်းမသေမချင်း မင်းသွားလေရာမှာ ခိုသွားလို့ ရတဲ့ တကယ့် အရိပ်စစ်၊ ဒါကို ဘာဖြစ်လို့ လမ်းလွဲလိုက်ချင်ရတာလဲကွယ်”

ဦးသူအောင်က လှိုက်လှိုက်လှဲလှဲ ပြောနေသည် ။

အောင်စည့်မျက်နှာ မအီမလည်နှင့် ခေါင်းညိတ်နေပုံကို မုန်းလွန်းလို့ သမု မျက်စောင်းထိုးလို့ မဝနိုင်။

“ပြောပါဦး၊ အခုရော ဘာလုပ်ချင်တဲ့ ဆန္ဒရှိသလဲ၊ မိဘတွေကို ဘယ်လိုပြောခဲ့သလဲ”

“အဲ...ကျွန်တော် ရန်ကုန်ကို ခုမှ ရောက်ဖူးတာဆိုတော့ တစ်ပတ်လောက်တော့ သွားလာစူးစမ်း ဦးမယ် အန်ကယ်၊ ဘာလုပ်မယ်လို့ ရည်ရွယ်ချက် ပါမလာတော့ ဘာလုပ်ရမယ်ဆိုတာ မျက်စိထဲ ရောက်လာမှ သိမှာ ”

အမလေး တစ်ပတ်တဲ့ ၊ တစ်ပတ်ကြီးများ တောင် ထိုင်စားဦးမှာ ပါလား၊ သမု ပြောချလိုက်ချင်တာ ပါးစပ်ကို မနည်းပိတ်ထားရသည် ။

မနေ့ညကလည်း ဖေဖေ အတန်တန်တားလွန်းလို့ ညဘက်ကားမမောင်းခဲ့ရ။

သူက ဘာမို့လို့ လဲ ၊ ဒီညတော့ မောင်းကိုမောင်းရတော့မည်။

သိတော့လည်း ကောင်းတာပဲ၊ ဒါမှ ကြာကြာထိုင်မစားရဲမှာ . . .။

*

## အခန်း(၅)

"ဟော့. . .ခဏ. . .ခဏနေဦး"

အသံနှင့်အတူ အောင်စည် အထဲကနေ အပြေးတစ်ပိုင်း ဆင်းထွက်လာကာ ပိတ်လိုက်တော့မည့် ကားတံခါးကို ဖမ်းဆုပ်ထားလိုက်သည် ။

"ဟင်. . . .မင်း. . . .မင်း. . .သမု"

"ဟုတ်တယ်လေ၊ ရှင်ကန်းနေသလား"

သမုက နှုတ်ခမ်းလေးစူ မေးဆတ်ကာ ခေါင်းပေါ်က ဆာမူရိုင်းလို ဆံပင်တု ခပ်ပွပွကို ခပ်တည်တည်ပဲ ဆွဲဖြုတ်ပြလိုက်၏။

အောင်စည် အံ့သြလွန်းသဖြင့် ပါးစပ်ပင် မစေ့နိုင်ဘဲ သမုဝတ်ထားသည့် ရှပ်အင်္ကျီပွပွ၊ ဘောင်းဘီရှည်နဲ့ ဂျက်ကက်ကို ပြူးပြဲကြည့်သည် ။

ရှပ်ဖျက်ထားလိုက်တာ တကယ့်ခပ်ငယ်ငယ် ကောင်လေးတစ်ယောက် အတိုင်းပါလား၊ ရိပ်ခနဲ မြင် လိုက်ပြီး ထင်လို့ လိုက်လာခဲ့ပေမယ့် တကယ်မယုံနိုင်။ ပိန်တယ်လို့ မဆိုသာသော်လည်း ခပ်မြင့်မြင့် ပါးလျသော ကိုယ်လုံးက ရှပ်အင်္ကျီပွပွထဲမှာ အားလုံးက မြုပ်ကွယ်နေသည် ။

နှာတံချွန်ကော့ကော့ နှုတ်ခမ်းထူပြည့်ပြည့် ရဲရဲလေးတွေက လှပေမယ့် အနည်းငယ် မေးရိုးကား သယောင် ရှိသည့် မျက်နှာလေးက ဆံပင်တုစွပ်လိုက်တော့ ဂျစ်ကန်ကန် ကောင်လေးအသွင် ပေါ်သွားသည် ။

"နေပါဦး၊ ညဘက်ကြီး မိန်းမစစ်စစ်က ယောကျ်ားဖြစ်ပြီး ဘယ်သွား

မလို့ လဲ”

“ကားသွားဆွဲမလို့ ၊ ဒါ သမု အမြဲလုပ်နေကျ အလုပ်ပဲ၊ ဖေဖေက မ သန်မစွမ်း တင်ထားတဲ့ ကြွေးတွေ လည်း ရှိနေတယ်၊ ဒီလိုကြိုးစားမှ တော်ကာကျတာလေ၊ ခုလို ထိုင်စားမယ့် ကျားကျားလျားလျား ယောကျ်ား ဧည့်သည် ကြီးတစ်ယောက် ရှိလာတော့ ပိုသွားတာပေါ့၊ ဒီည သမု နာရီပိုဆွဲမယ်၊ ရှင် ဖေဖေ့ကို ဂရုစိုက်လိုက် စမ်းပါ”

“ဘာ. . .”

အောင်စည့်မျက်နှာ တင်းခနဲ ဖြစ်သွားသည် ။

“ညဘက်ကြီး မိန်းကလေးတစ်ယောက်က ဒီလိုလုပ်စရာလား မင်း ဒီလောက်တောင် အကြောက်အရွံ့ နည်းလှချေလား”

“ကြောက်နေရင် ငတ်သွားမှာ ပေ့ါ ရှင်တို့လို မိဘလုပ်စာ၊ ဆွေမျိုးလု ပ်စာ ထိုင်စားဖို့ က သမုတို့ က မဝံ့ရဲ ဘူးရှင့်”

အောင်စည်က ကားတံခါးကိုင်ထားသည့် သမုရဲ့ လက်ကို ဖြုတ်ချ ကာ တံခါးကိုဆွဲဖွင့်လိုက်၏။

“တော်ပြီ မင်းဆင်း”

“ဘာလို့ ဆင်းရမှာ လဲ”

“ဒီညကစပြီး ဒီကား ကိုယ်မောင်းမယ်”

ပြောပြောဆိုဆို သမုလက်မောင်းလေးကို ပိုင်စိုးပိုင်နင်း ဆွဲချကာ သူ ဝင်ထိုင်လိုက်၏။ ကားကို အနည်းငယ်မောင်းထွက်သွားပြီးမှ ခေါင်းပြူ ထွက်လာ၍

“ဟေ့ မင်း ကိုယ့်အခန်းထဲ ဝင်ပြီး မစပ်စုနဲ့ နော် အဖိုးတန်တော့ မရှိ

ပါဘူး၊ ဒါပေမဲ့ မဟုတ်က ဟုတ်က မြင်စရာတွေ တွေ့သွားမှာ စိုးလို့ ”

ဘာမှန်းမသိရဘဲ ရဲခနဲ ဖြစ်သွားသည့် သမုမျက်နှာကို လုံးဝပြန်မကြည့်တော့ဘဲ အောင်စည် မောင်း ထွက်သွားသည် ။

အိမ်အပေါ်တက်ဖို့ လှည့်လိုက်တော့ တံခါးပေါင်ကို ဖေဖေ မှီရပ်နေသည် ။

“ကောင်းတယ် သမီး၊ ဒီတာဝန် သူယူမယ်ဆိုရင် အပြင်အလုပ် ထွက်ရှာဖို့ တောင် မလိုတော့ဘူး”

ဟု ပြောပြီးမှ သက်ပြင်းချလိုက်ရင်း. . .

“မဖြစ်သေးပါဘူး ဒါဆို ဖေဖေတို့ က ခိုင်းစားတယ် ဖြစ်ဦးမယ် သူ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း က ရှိသေးတာပဲ”

မသက်သာစွာ ခပ်တိုးတိုး ညည်းလိုက်မိ၏။

*

# အခန်း(၆)

"ရှင်ကလည်း အိပ်ပုပ်ကြီးလိုက်တာ ပြောစရာရှိလို့ စောင့်နေတာ ဒီမှာ နောက်ကျတော့မယ်"

သွားပွတ်တံနဲ့ သွားတိုက်ဆေးဘူးကို ခြင်းကလေးထဲလှမ်းထည့်ရင်း သူလှည့်ကြည့်၏။ ပြီးတော့ မျက်နှာကို သုတ်နေ၍ . . .

"ညက တစ်နာရီကျော်မှ ပြန်ရောက်တာ ပဲခူးကို အော်ဒါပါသွားတာလေ ပြန်ရောက်တော့လည်း အိပ်မရတာနဲ့ လင်းခါနီးမှ အိပ်ပျော်တယ်၊ ဘာပြောမလို့ လဲ"

"ဆန်ကုန်နေလို့ ထမင်းမချက်ရသေးဘူး လကုန်ခါနီးဆို အိမ်မှာ ဒီလိုပဲ အဲဒါ သမုလည်း ထမင်း ကြမ်းအကျန်နဲ့ လမ်းထိပ်က အသုတ်တစ်ရာဖိုးပဲ ဝယ်ထည့်သွားတော့မယ် ရှင်နဲ့ ဖေဖေစားဖို့ ကို "

"ရတယ်လေ ကိုယ်သွားဝယ်လိုက်မှာ ပေ့ါ"

"အို ဝယ်စားတော့ မတန်တဆကုန်ပြီး ဘာအရာထင်မှာ လဲ၊ ရှင် ဆန်သွားဝယ်ပြီး. . ."

"ဟာ. . . .လုံးဝ . . .လုံးဝ မဝယ်ဘူး၊ အဲဒါ လုံးဝ ဝါသနာ မပါဘူး၊ နေဦး. . ."

အောင်စည် ခါးခါးသီးသီး လက်ကာငြင်းဆန်လျက် အခန်းထဲဝင်သွားသည် ။ ပြန်ထွက်လာတော့ လက်ထဲမှာ ထောင်တန်

ငါးရာတန်တွေ ရောထွေးဆုပ်ကိုင်လာကာ. . .

"ရော့. . . အဲဒီမှာ ညက ကားမောင်းလို့ ရလာသမျှ အကုန်ပဲ၊ ဈေးဝယ်တာ ချက်ပြုတ်တာ ကိုယ့်ကို လုံးဝ တာဝန်မပေးနဲ့ ၊ တကယ်ဆောရီးပြောမှာ "

သူဖြစ်ပျက်နေတာကို သမုက တအံ့တဩလေး မျက်မှောင်ကုတ်ကြည့်နေမိသည် ။

"ဆန်လေးဝယ်ဖို့ ပြောမိတာကို သေမိန့်ချတာကျနေတာပဲ၊ ဘယ်လိုဖြစ်တာလဲ၊ ရှင် ဆန်ဝယ်ပေးလိုက်ရင် ဖေဖေချက်မှာ ပေါ့"

"အန်ကယ်က ချည့်တိချည့်နဲ့ နဲ့ မီးဖိုချောင်ထဲ ဝင်ရဦးမယ်၊ ဝယ်စားလိုက်ရင် ပြီးတာပဲ"

ဝယ်စားတာက တစ်နပ်စာ တစ်ပွဲစာနဲ့ မတန်တဆ ကုန်တာပေါ့၊ ရှင် မဝယ်ခြမ်းချင်တာနဲ့ ဖေဖေ့ကိုပဲ ငဲ့ညှာသလိုလို အကြောင်းမပြပါနဲ့

"ငဲ့ညှာတဲ့ စိတ်က တကယ်ဖြစ်လာတာပါ၊ မဝယ်ခြမ်းချင်တာ အမှန်ပဲ၊ တစ်သက်နဲ့ တစ်ကိုယ် ဆန်တွေ ဆီတွေကို ကိုင်တောင်မကြည့်ခဲ့ဖူးဘူး"

"ယုံပါတယ်၊ ရှင့်ကိုမြင်တာနဲ့ ဘယ်လိုလူစားလဲဆိုတာ"

အောင်စည်က မျက်ခုံးနှစ်ဖက်ပင့်လိုက်ပြီးမှ နှုတ်ခမ်းစေ့ထားရင်းပြုံးသည် ။

သမုတဲ့ ဆံပင်ပျော့ပျော့လေးတွေက အညိုရောင်၊ ဆံမြိတ်မထားဘဲ အလယ်ခွဲဆံပင်တွေက ပခုံးထိ ပျော့နွဲ့စင်းကျနေသည် ။

ဝတ်လိုက်တိုင်း အလှအပ အကျီဆိုတာမရှိဘဲ ရှပ်လက်ရှည်၊ လက်

တိုပွပွများက အကွက်စိပ် အကွက် ကျဲများ သာ ဖြစ်သည် ။ စကတ်တွေ ၊ အကျပ်တွေလည်း မဝတ်တတ်ဘဲ ဝတ်လိုက်တိုင်း ထမီက တိုတို။

သွားလာလှုပ်ရှားသမျှလည်း နွဲ့နွဲ့နှောင်းနှောင်း ညင်းညင်းသာသာ မရှိဘဲ အမြဲတမ်း ကသုတ်ကရက် အလျင်စလို ဖြစ်နေတတ်သေးသည် ။

“ရှင်က . . .လူကို ဘာကြည့်ရယ်တာလဲ”

“ကိုယ့်ပါးစပ်နဲ့ ကိုယ်ရယ်တာပဲကွာ ၊ မင်းသွားစရာရှိတာ သွားလေ ရော့. . .ဒီမှာ ပိုက်ဆံ”

“ရှင်သုံးဖို့ ယူထားဦးလေ”

“မလိုပါဘူး ၊ မင်းတို့ လောက်ငအောင်သာ သုံး၊ နောက်ထပ်ဆန် မဝယ်ခိုင်းရင် ကျေးဇူးတင်တယ်”

သမုက ဖုံးဖုံးဖိဖိကလေးပြုံးကာ မျက်နှာကို တစ်ဖက်လှည့်ပစ်သည် ။

ထိုမျက်နှာကို အောင်စည်က အမိအရ လိုက်ကြည့်၏။ သမုတစ်စုံတစ်ရာပြောဖို့ သတိရကာ ဖျတ်ခနဲ လှည့်လိုက်သဖြင့် သူ့ရင်ဘတ်နဲ့ ထိလုမတတ်ဖြစ်ကာ. . .

“အမေ့ ”

“ဟာ. . .ဆောရီး”

နှစ်ယောက်စလုံး အရှိန်တွေထိန်းကာ ပက်လက်တွေ ပြန်လန်ကုန်ကြစဉ် အောင်စည်၏ ရယ်ကျဲကျဲ မျက်နှာကြောင့် မလုံမလဲဖြင့် သမု ဒေါသထွက်လေသည် ။

“ရှင်. . .ဘာလုပ်တာလဲ”

"ဘာမှ မလုပ်ဘူး၊ မင်းလမ်းမင်းသွားရင် အဆင်ပြေတယ်"

"ရှင့်ကို မှာ စရာရှိလို့ လှည့်လာတာ၊ ဘာဖြစ်လို့ လူနောက် ကပ်လိုက်တာလဲ"

"လိုက်စရာလားကွ၊ နီးနီးလေးရပ်နေတဲ့ ဥစ္စာ၊ မှာ လည်း မမှာ နဲ့ ၊ ခုပဲ အပြင်ထွက်တော့မလို့ "

"ဘယ်သွားမှာ လဲ "

"မင်း အလုပ်မဟုတ်ပါဘူး"

သမှ မျက်နှာလေး နီရဲသွားသည် ။ ကိုယ်ကပဲ စပ်စပ်စုစု မေးသလိုမျိုး။

"အလုပ်မဟုတ်တာ သိတယ်၊ ရှင့်ဟာရင် ဘယ်မြောင်းထဲ သွားသေသေ ဂရုမစိုက်ဘူး၊ ဒီနေ့ ကားဆီ ထုတ်ဖို့ မေ့နေမှာ စိုးလို့ ၊ လမ်းကြုံရင် ဝင်လုပ်ပေးဖို့ ပြောမလို့ "

သမှ ထမီလေးမ၍ ချာခနဲ လှည့်ထွက်သွားတာကို အောင်စည် စူးစိုက်ကြည့်နေသည် ။ ပြီးတော့ ပခုံးနှစ်ဖက်တွန့်၍ ဟင့်ခနဲ ရယ်၏။

မဆိုးပါဘူး၊ စလာခဲ့သမျှ ခရီးစဉ်တစ်လျှောက်လုံးမှာ ဒီခရီးစဉ်ဟာ စိတ်ဝင်စားစရာ အကောင်းဆုံး သမုဒ္ဒရာ ခြံကြီးတိုက်ကြီးထဲမှာ နေပြီး အဆောင်အယောင်မဲ့စွာ ဆင်းရဲပင်ပန်းစွာ လှုပ်ရှားရုန်းကန် နေရရှာတဲ့ မိန်းကလေး။

*

# အခန်း(၇)

ကုန်ပြီ. . ..ကုန်ပါပြီ. . .။

ဆလင်းဘက်အိတ်ကို သွန်ချလိုက် ခါချလိုက်လုပ်နေမိတာ ဘယ်နှခါရှိပြီမှန်း မသိတော့။ နောက်ဆုံး ဆလင်းဘက်ကို ဇောက်ထိုးခါချရင်း စားပွဲပေါ်ဆောင့်ချရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ. .

"ကဲဟာ "

"ဘုန်း"

နံရံနဲ့ တအား လွှဲရိုက်ပစ်လိုက်မိ၏။

"အဟင့်ဟင့်. . .သေနာခါးပိုက်နှိုက်၊ ခွေးဝဲစား ခါးပိုက်နှိုက်၊ ပိုက်ဆံချမ်းသာတဲ့ ပေါ်ကြော့ လူတွေဆီက သွားနှိုက်ပါလား၊ ငါ့မှာ မရှိမဲ့ရှိမဲ့ ချွေးနဲ့စာလေးကို ကြွေးဆပ်ဖို့ တောင် မလောက်မငှနဲ့ ဥစ္စာ ၊ ကိုယ်ချင်းမစာမနာ ဟီး. . .ဟီး"

အပေါ်ထပ် ဘုရားခန်းရှေ့မှာ ဖေဖေ အိပ်ပျော်နေမှန်းသိ၍ သမုအားရပါးရကြီးကို ငိုချလိုက်မိသည် ။ မနေ့ညက လခထုတ်ခဲ့သည် ။ မထုတ်ခင်ကတည်းက လခထုတ်လျှင် ဘယ်သူ့ကို ဘယ်လောက်ပေးရမည်။ ဘယ်သူ့ကို ဘယ်လောက်ဆိုတာ ခွဲခြမ်းထားလိုက်တော့ သူသုံးဖို့ မကျန်။

ထို့ကြောင့် လခငွေကို သိပ်စိတ်မဝင်စားဘဲ ပြန်လာတော့လည်း ဖွင့်တောင်မကြည့်ဖြစ်ခဲ့ပါ။ ဒီနေ့ အလုပ်နားရက်မို့ ပေးစရာ ရှိတဲ့ ဆီတွေသွားခါနီးမှ ယူကြည့်ဖြစ်ခဲ့တာ။

ဘေးခွဲခံထားရသည့် ဆလင်းဘက်ထဲမှာ ငွေဆိုလို့ ကားခ ပြန်အမ်းထားသည့် ဆယ်တန်လေးတစ်ရွက် တောင်မှ မကျန်၊ တစ်ကိုယ်လုံး ကိုင်ပေါက်ခံလိုက်ရသည့် အတိုင်း။ ရင်ထဲမှာ ရှိန်းခနဲ လှပ်ခနဲ ဖြစ်ကာ ဘယ်လိုမှ မယုံကြည်နိုင်ဘဲ အိတ်ကို သွန်ချကြည့်၊ ခေါက်ချကြည့် ။ ခံလိုက်ရပြီးမှန်းသိသိနှင့် ဒီငွေမရှိလို့ မဖြစ်ဘူးဆိုသည့် အသိနှင့် ကယောင်ကတမ်းတွေ ဖြစ်နေမိသည် ။

တစ်သက်နဲ့ တစ်ကိုယ် ဒီနေ့လောက် ယူကျုံးမရ ကြေကွဲရတာ မရှိ၊ အားရပါးရငိုလိုက်၊ ကျိန်ဆဲပြော ဆိုလိုက်နှင့် ထမင်းအိုးတည်ထားသည်ကို သတိရကာ ငိုရှိုက်လက်စနှင့် အပြင်ထွက်လာခဲ့ရသည် ။

“ဟင်”

ခန်းဆီးစကို ဖယ်၍ တံခါးဆွဲဖွင့်လိုက်တော့ ရှေ့မှာ အောင်စည်ကမားမားကြီး ရပ်နေ၏။

ဖြစ်ဖြစ်သမျှ ဒေါသအစုစုက အားပြင်းစွာ ဆောင့်ရုန်းထွက်ပြီး . . .. . .

“ရှင်က . . .ဒီမှာ ဘာလာချောင်းနေတာလဲ”

“ရပ်နေတာ မြင်သားနဲ့ ၊ ချောင်းတယ်ပြောရသလား၊ အထဲမှာ မင်းဘယ်သူနဲ့ ရန်ဖြစ်ပြီး ရှိုက်ကြီး တငင် ငိုနေသလဲလို့ အံ့သြပြီး နားထောင်နေတာ”

ပြန်သတိရသွားတော့ မျက်ရည်တွေက သွန်ကျလာပြန်သည် ။

“မနေ့က လခထုတ်လာသမျှ ခါးပိုက်နှိုက်သွားလို့ အကုန်ကုန်ပြီ၊ တစ်ပြားမှ မရှိတော့ဘူး”

“ဟုတ်လား. . .ဘယ်လောက်တောင်လဲ”

“နှစ်သောင်း ”

အောင်စည် စိတ်မကောင်းဖြစ်မိ၏။ ငွေနှစ်သောင်းပါသွားလို့ ငိုနေလိုက်တာ လူသေတဲ့ အတိုင်းပါပဲ။

“ပါသွားတာကို ပြန်လိုက်တောင်းလို့ မှ မရတော့ဘဲ ၊ ငိုနေတော့ ဘာထူးမှာ လဲ”

“မရတော့လို့ ပေါ့၊ မထူးတော့လို့ ငိုတာပေါ့၊ ဒီမှာ ကြွေးပေးစရာတွေ အများကြီးရှိတယ်၊ လာတောင်း လို့ မပေးနိုင်ရင် ခါးပိုက်နှိုက်ခံရတယ်ပြောလို့ ဘယ်သူကယုံမှာ လဲ ၊ သမု အရှက်ကွဲတော့မှာ သိလား”

မျက်ရည်ကို လက်ခုံနဲ့ သုတ်လိုက် ၊ လက်မောင်းနဲ့ သုတ်လိုက် လက်မှာ စိုလာတာကိုကျတော့ တင်ပါးစောင်းမှာ ပွတ်တိုက်ချလိုက်။

သမု မျက်ရည်ကြောမှာ မျောနေတာကို သူဘယ်လို အငိုတိတ်စေရမှန်း စဉ်းစားမရ။

“ဟယ်. . .ထမင်းအိုး. . .ထမင်းအိုး”

နှာခေါင်းထဲမှာ အနံ့တစ်မျိုးဝင်ကာမှ သမု ကပျာကယာ ပြေးထွက်သွားရာ သူလည်း နောက်ကနေ လိုက်သွားမိပြန်သည် ။

“ဟယ်. . .ပျော့ကုန်ပြီ. . .ဒုက္ခပါပဲ”

ယောက်မပြေးကိုင်လိုက်၊ လက်နှီးပြေးဆွဲလိုက်နှင့် ပျာယာခတ်နေရ

င်း သူ့ကို ဆတ်ခနဲ မျက်စောင်း လှည့်ထိုးသည် ။

"အဲဒါ . .. ရှင့်ကြောင့် ၊ ရှင်နဲ့ စကားပြော . . .အား"

"ဒုန်း. . . .ခွမ်း"

"ဟော့"

ထမင်းအိုး လွတ်ကျသည် ။ လူပေါ်လောင်းချသလို ဖြစ်တော့မည့်ဘေးက အောင်စည် လှမ်းဆွဲလိုက် သဖြင့် သီသီလေး လွတ်မြောက်သွားခဲ့၏။

ထမင်းအိုးက ကြမ်းပေါ်မှာ ဒုန်းခနဲ ပြုတ်ကျလေသည် ။

"အား. . .သေပါပြီ၊ ပူလိုက်တာ . ..အား. . . ."

သမု ညာဘက်လက်ကို တဆတ်ဆတ်ခါရင်း တအားအော်နေသည် ။

"လုပ်ပါဦး . . . အား. . . ပူတယ်. . .ဟင့်. . . ဟင့်. . . ."

"ဆေးပြာရှိလား. . .ဆေးပြာ"

"မရှိဘူး. . .အား"

"လာ. . .လာ. . .ဒီမှာ . ခဏထိုင်"

ဦးသူအောင်စားသည့် ကွမ်းအစ်ထဲမှ ကွမ်းရွက်တွေ လုံးထွေးစုယူကာ သမုလက်ကလေးပေါ်ကို အရည်တွေ ညှစ်ချရင်း နီရဲညိုမှောင်သွားသည့် နေရာတွေကို လိုက်ဆွတ်၏။

"မရပါဘူး. . .တအားပူတယ်. . .ဟင့်. . .ဟင့်.. . . "

အောင်စည် ရုတ်တရက် ဘာလုပ်ရမှန်း မသိတော့ ကွမ်းရွက်တွေကို လွှင့်ပစ်၍ သမုလက်ကလေးကို ဆွဲခေါ်ပြီး. . .

“ဆေးခန်းသွားမယ်ကွာ. . .လာ. . .ထ”

“ဟာ ထမင်းရည်ပူလောင်တာ ဆေးခန်းသွားစရာလား၊ ဒီမှာ ပိုက်ဆံတစ်ပြားမှ မရှိပါဘူးဆိုမှ ၊ ဖယ်. . .ငံပြာရည်လောင်းချမယ်”

“ဟေ့. . .ဟာ . . .ငံပြာရည်တွေ နံကနံနဲ့ ၊ မလုပ်နဲ့ . . .လာ. . .သွားမယ်”

ကားပေါ် ဇွတ်တင်ကာ ဆေးခန်းကို တန်းမောင်းခဲ့သည် ။

“ဝင်း”စေတနာ ဆေးခန်းရှေ့မှာ ကားကို ရပ်လိုက်သည် နှင့်. . .

“ကိုအောင်စည်. . .ရှင်က ပိုက်ဆံ ဘယ်လောက်ပေါနေလို့ လဲဟင်၊ ဆေးခန်းတစ်ခေါက်သွားတာ ဘယ်လောက်ကုန်တယ်မှတ်လဲ”

“မင်း. . .အသာနေစမ်းပါ”

အောင်စည်က ဆေးခန်းထဲမှ လူနာတွေနောက်မှာ တန်းမစီဘဲ ကုသခန်းထဲ တန်းဝင်လိုက်၏။

လူနာတစ်ယောက်ကို ဆေးထိုးပေးဖို့ ပြင်နေသော ဆရာဝန်က ဖျတ်ခနဲ လှည့်ကြည့်၍ . . .

“ဟာ. . .မင်း”

ဟု ဝမ်းသာအားရစလိုက်ပြီးမှ စကားရော၊ ရယ်လက်စ မျက်နှာပါ တစ်ပိုင်းတစ်စ ထစ်ငေါ့တုံ့ရပ် သွားကာ. . .

“ဟင်. . .ဟင်. . .ဆောရီး. . .”

ဟု မဲ့တဲ့ တဲ့ ကြီး ပြော၏။

“ဒီမှာ ဒေါက်တာ ၊ ကျိုက်ကျိုက်ဆူနေတဲ့ ထမင်းရည်ပူတွေ လောင်သွားတာမနည်းဘူး၊ ကြည့်ပေးပါဦး”

အောင်စည်က သမုလက်ကလေးကို ဆရာဝန်မျက်နှာရှေ့ ဖွတ်ထိုးပြသည် ။

“အင်း. . .ကြည့်ပေးမယ်. . .ခဏလေး”

“ခဏလေးမရဘူး၊ အပူလောင်ဖုတွေ ဖြစ်ကုန်မှာ စိုးလို့ ပါ၊ ခုကြည့်ပါ၊ လုပ်စရာရှိတာ လုပ်ပေးပါ”

အောင်စည်က ဆရာဝန့်လက်ထဲက ဆေးကပ်ကို ပိုင်စိုးပိုင်နင်း ဆွဲယူ၍ စားပွဲပေါ်မှာ ချထားလိုက်ပြီး သမုကို ကုသပေးဖို့ သာ ဖွတ်ပြော၏ ။

သမုပင် အပူလောင်ထားတာကို ရုတ်တရက်မေ့သွားမိ၏။

အခန်းထဲလည်း ဖွတ်ဝင်သေးတယ်၊ ဆရာဝန်ကို သူ့အိမ်က အလုပ်သမားလို တစ်ခုခုပြောတော့မှာ ပဲ ဟု ထင်ကာ ဆရာ့ဝန်မျက်နှာကို သမုကြည့်လိုက်မိသည် ။

ဆရာဝန်က တအားရယ်ချလိုက်ချင်တာကို မျိုသိပ်ထားနေရသည့် ရယ်ချင်ပက်ကျိမျက်နှာနှင့် ပြုံးဖြီးဖြီး ကြီးလုပ်၍ . . .

“ကုပေးပါ့မယ်ဗျာ. . .ကဲ. ..ဟောဒီခုံမှာ ထိုင်”

ခုတင်ပေါ်မှာ ဆေးထိုးခံဖို့ ရှိနေသည့် လူကြီးခမျာလည်း ဘာမှ မပြောဘဲ မျက်လုံးအကြောင်သားနှင့် ကြည့်နေရှာပါ၏။

ထိုစဉ် ရှေ့ကစားပွဲမှာ ထိုင်သည့် စာရေးမလေးက မျက်နှာပြုံးပြုံးပြာပြာနှင့် ခန်းဆီးစကို မ၍ လှမ်းကြည့်၏။

ဒေါက်တာက ပြုံး၍ မေးဆတ်ပြလိုက်မှ ဟိုကြည့်ဒီကြည့်နှင့် ပြန်ထွက်သွား၏။

လက်ကိုဆေးလိမ်းပေးသည် ။ ဆေးလည်း ထိုးပေးသည် ။ ပုလင်းလေးနဲ့ လည်း လိမ်းဆေးပေးလိုက် သေးသည် ။ အောင်စည်ကတော့ နှုတ်လည်း မဆက် ၊ ဆေးဖိုးပေးတာလည်း မမြင်ပါ။

"ရှင်က ဆရာဝန်နဲ့ သိလို့ လားဟင်"

"မသိပါဘူး"

"ဆရာဝန်က ရှင့်ကိုတော့ တော်တော် သဘောကောင်းပါလား၊ ဆေးဖိုးလည်း မတောင်းဘူး"

"ဆရာဝန်ဆိုတာ ဒီလိုပဲနေမှာ ပေါ့။ မင်းနဲ့ ကိုယ့်ပုံစံကို ကြည့်ပြီး ဆေးဖိုးပေးနိုင်မယ့်ပုံမရှိလို့ လွှတ်ပေးလိုက်တာဖြစ်မှာ "

သမ မကျေနပ်ပါ။ သူကတော့ ထားပါတော့ ဆံပင်ဖရိုဖရဲ ရှပ်အင်္ကျီဟောင်း ပွပွ၊ ထဘီက အနွမ်း၊ အောင်စည် ဝတ်ထားတာတွေက ဘယ်လောက်တန်မှန်း ဘယ်လောက်ကောင်းမှန်းတောင် သမ မခန့်မှန်းနိုင်သည့် အဝတ်အစားတွေ။

လူပုံက သန့်သန့်ခန့်ခန့်။

ဆရာဝန်က သူ့ကိုတော့ အထင်အမြင်သေးလောက်မည် မထင်ပါ။ ပြီးတော့ ဆင်းရဲသားတွေကို အလကား ဆေးကုပေးမယ်ဆိုတဲ့ ဆရာဝန် ရှိဖူးလို့ လား။

သမ သံသယများ စွာနှင့် အောင်စည်ကို ကြည့်နေမိ၏။

"ဘယ့်နှယ်လဲ မင်း. . .သက်သာရဲ့ လား"

"သက်သာတယ်၊ ဒါပေမဲ့ မနက်ဖြန် ဖေဖေ့ကို ဆေးခန်းပြရမှာ ရှိသေးတယ်၊ အဲဒီရက်ကို လကုန်ရက်နဲ့ တမင်ချိတ်ထားရတာ၊ ခုတော့ . .

.ပိုက်ဆံက မရှိတော့ဘူး”

“ပူမနေပါနဲ့ . . .ဖြစ်လာမှာ ပါ”

သမုက ဆေးတွေနဲ့ စိုကပ်နေသည့်လက်ကို ပါးစပ်လေးနဲ့ ပါ မှုတ်နေရင်း သူ့ကို မော့ကြည့်၍ . . .

“ရှင်. . .မနက်တိုင်း အလုပ်ရှာထွက်နေတာရော အဆင်ပြေပြီလား”

“အဲဒါက အရေးမကြီးပါဘူး၊ အခု ကိုယ် မင်းကို ဒရိုင်ဘာလုပ်နေတာ အလုပ်ပဲပေါ့”

“ဒါပေမဲ့ ရှင့်အတွက် ဘာမှ အကျိုးအမြတ် မရှိဘူးလေ”

“ကိုယ်က ဒီလိုမတွက်ပါဘူး၊ ဒုက္ခရောက်နေတဲ့ သူကို ကူညီကယ်တင်လို့ ပဲ သဘောထားတယ်”

“အံ့မယ်. . .ကြီးကျယ်လိုက်တာ”

စိတ်ကောင်းလေးဝင်နေသည့် သမုမျက်နှာ ချက်ချင်း အရောင်ပြောင်းသွားသည် ။ သူကိုယ်တိုင်ကျတော့ မိမနိုင် ဖမနိုင်မို့ ရန်ကုန်မှာ လေလွင့်ဖို့ ရောက်လာတာ မသိတာကျနေတာဘဲ။

ဘာအစွမ်းအစတွေရှိနေလို့ သူ့ကိုယ်သူ ကယ်တင်ရှင်ကြီး လုပ်ပြောနေတာလဲ။

ကူညီပေးတာလေးတွေ ကျေးဇူးတင်နေလို့ လွှတ်ခနဲ မပြောမိသေးပေမယ့် သမုမျက်လုံးတွေက အထင်မြင်သေးစွာ နှုတ်ခမ်းတွေကို မဲ့ရွဲ့ထားလိုက်သည် ။

“ငါးပြားဖိုးလောက် ကူညီပြီး တစ်ရာဖိုးလောက် ပုံကြီးမချဲ့စမ်းပါနဲ့ ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး ၊ ရှင်က ဘာမို့လဲလို့ . .. .”

အောင်စည်က ဂျာကင်ကိုချွတ်ပြီး ကုလားထိုင်နောက်မှီမှာ တင်လိုက်ကာ သမုရှေ့မှာ ထိုင်ချလိုက်၏။ သမုပြောတာကို ဘယ်လိုမှ မခံစားခဲ့သော သူ့မျက်နှာက လှုပ်ရှားပြောင်းလဲမှု သိပ်မရှိဘဲ နှုတ်ခမ်းတို့ က ပြုံးတော့မလို ခနဲ့ တော့မလိုနှင့်. . .

"ကိုယ်ဘာကောင်ပဲဖြစ်ဖြစ် မင်းအတွက် အဆင်ပြေတယ် မဟုတ်လား"

သမု ဘာမှ မပြောနိုင်။ မပြောဘဲ ရင်ထဲမှာ ရှိနေတာတစ်ခုက အောင်စည့်မျက်လုံး လှုပ်ရှားပုံ အမူအရာ အားလုံးအပေါ် ဒါငါ့ဆွေမျိုးပါလား၊ ငါ့အအစ်ကိုပါလားရယ်လို့ ရင်းနှီးဖို့ ကြိုးစားလို့ မရဘဲ ရှိနေရသည့်အဖြစ် ဒါဟာ ခုမှ တွေ့ဖူးကြလို့ ပဲဟု ဖြေဖျောက်လို့ ရသော်လည်း အောင်စည်သည် ဘယ်လိုလူစားဆိုတာ အလုံးစုံ သိထားပါလျက်နှင့် ပါးစပ်က ဘယ်လိုပဲ နှိမ့်ချပြောဆိုမိသည် ဖြစ်စေ မသိစိတ်ထဲမှာ အထင်သေးလို့ မရဘဲ ဖြစ်နေသည် ။

တစ်ခါတစ်ခါ လျှို့ဝှက်စွာပြုံး၍ စူးစိုက်ကြည့်တတ်သည့် မျက်လုံးများက လူကို သေးငယ်ကြုံ လှီသွားအောင် လှီးဖြတ်ချပစ်သလို စူးရှထွင်းဖောက်သွားသည့်နှယ်. . .။

ဒီရုပ်ရည် ဒီပုံစံနှင့် ဆယ်တန်းတောင် မအောင်ဘူးဆိုတာလည်း အံ့သြစရာ ဖြစ်၏။

"ကိုယ် မရှင်းလို့ မေးချင်တယ်"

"ဘာလဲ"

"မင်းက ကုမ္ပဏီမှာ လုပ်တယ်ဆိုတော့ ကားကလည်း မိုးချုပ်မှ ဆွဲတာပဲ၊ မင်း. . .ကားနဲ့ သွား ပါလား၊ ဘာဖြစ်လို့ လိုင်းကားစီးရတာလဲ"

“ကုမ္ပဏီကို ကားမောင်းသွားရင် သွားပုပ်လေလွင့် အပြောခံရတယ်”

“ဘယ်လိုပြောလို့ လဲ”

“ကိုယ်ပိုင်ကား စီးနိုင်ရက်နဲ့ အလုပ်လာလုပ်တာ သူဌေးကို ချူချင်လို့ လို့ ပေါ့”

“ဒီလိုပဲပြောကြသလား”

“ဟုတ်တယ်. . .ကုမ္ပဏီမှာ ကိုယ်ပိုင်ကားနဲ့ အလုပ်ဆင်းတဲ့ သူတွေကို တခြားလူတွေက အဲဒီလိုပဲ ပြောတာ”

“ပြောပစေပေါ့ကွ၊ လူတိုင်းမှာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲ၊ မင်းမဟုတ်ရင် ပြီးတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်ခံပြီး ဂရုစိုက်နေရသလား ”

သမုက ခုကျတော့လည်း သနားစဖွယ်လေး ငေးငိုင်ကာ ခေါင်းလေးယမ်းပြရှာသည် ။ မျက်ခုံးတန်း စိမ်းညို့ညို့လေးက မျက်ဝန်းညိုလေးတွေနဲ့ လိုက်ဖက်ကာ ဒေါသဖြစ်လို့ စူးစူးရဲရဲလေးဖြစ်လာတာတောင် ရက်စက်ခက်ထန်သွားသည် မရှိဘဲ မျက်တောင်ထူထူလေးတွေ ရံခ၍ ဝင်းစိုနေတတ်သည် ။

မျက်နှာလေးတစ်ခုလုံးမှာ အလှဆုံးက စိမ်းညို့နေသော မျက်ခုံးတန်းလေးဖြစ်သည် ။

သမုက သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည့် အောင်စည့်ကို ပြန်မော့ကြည့်ကာ. . .

“ဝတ်တော့ စီဝိုင်စီ ရှန်သားလောက်ပဲ ဝတ်နိုင်ပြီး ကိုယ်ပိုင်ကားမောင်းနေရင် ဘယ်သူအမြင် တော်မှာ လဲ ကိုအောင်စည်၊ သမုတို့ ခြံမှာ ခြံနဲ့ တိုက်နဲ့ ကားနဲ့ ရှိနေတာက မိဘအမွေပဲ ဆိုတဲ့ အသိနဲ့ သမု အသေ အ

လဲ အပင်ပန်းခံပြီး ကာကွယ်ထားလို့ ပါ၊ တကယ်ဆို အိမ်မှာ ရွှေဆိုလို့ မှုံးလို့ တောင် ရှူစရာမရှိဘူး၊ ရွှေမပြောနဲ့ အဝတ်အစားတောင် ကောင်း ကောင်း လွှင်လွှင် ဘာရှိလို့ လဲ”

“ဒါပေမဲ့ မင်းက ကျက်သရေရှိတယ်၊ ဘာမှ မဝတ်နိုင်ပေမယ့် မမွဲပါ ဘူး”

မျက်ဝန်းချင်း ဆုံမိသွားသည် ။ ခဏကြာသည် အထိ မလွှဲဖယ်မိဘဲ ရှိနေသည် ။ နောက်မှ သမု မျက်နှာကို တင်းပစ်ကာ တစ်ဖက်လှည့်ပစ် လိုက်၏။

*